# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်　　၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ စနေနေ့　　အတွဲ (၆၃)၊ အမှတ်(၃၁၀)


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။　　ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်တွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၂၅၈ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ဧက ၁၀၇၁၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးစပါးများကို ဇူလိုင်လဆန်းက စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန်၊ ဆန်စပါး ထုတ်လုပ်မှုတိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑

# တနင်္သာရီမြို့နယ်၌ မြစ်ရေကြီးမှုကြောင့် ပိတ်ထားသည့် စာသင်ကျောင်း ၅၃ ကျောင်း ပြန်လည်ဖွင့်လှစ်




တနင်္သာရီ ဩဂုတ် ၉

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေကြီးမှုကြောင့် ပိတ်ထားခဲ့သည့် စာသင်ကျောင်း ၅၃ ကျောင်းစလုံး ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

တနင်္သာရီမြစ်ရေသည် ဇူလိုင် ၃၁ ရက်၌ တနင်္သာရီမြို့၏ အန္တရာယ်ရေအမှတ်ဖြစ်သည့် (၂၄) ပေထက် (၇ပေ) ကျော်လွန်၍ ၃၁ ပေအထိ မြစ်ရေကြီးမြင့်ခဲ့ရာ

စာမျက်နှာ ၅ ကော်လံ ၁ ❖

## ယနေ့ ဖတ်စရာ


လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့

ဆောင်းပါး　စာ ၁၀

ကျိုးကြောင်းချိတ်ဆက် တွေးခေါ်ကြပါစို့ ...

ဆောင်းပါး　စာ ၁၆





# မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀) ကို ကဏ္ဍကြီး (၈) ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခု တို့ဖြင့် ရေးသားပြုစုချမှတ်ထားပြီးဖြစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





**နေပြည်တော် ဩဂုတ် ၉**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council- NRSC) ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကောင်စီအဖွဲ့ဝင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးနောက် တတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယခင်နှစ် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံနှင့်အဝန်းဖြစ်ပေါ်ခဲ့သည့် ယာဉ်တိုက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးပြီး ယခုနှစ်စီမံဆောင်ရွက်သင့်သည့် အချက်များ၊ ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan(2021-2030) လုပ်ငန်းစီမံချက်ပါ အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ယခင်နှစ်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ယခင်နှစ်များထက် ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးပမ်းသွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ချမှတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း။

### ရေတို/ရေရှည်လုပ်ငန်းစီမံချက်များ အထူးအလေးထားဆောင်ရွက်

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၌ ရေရှည်အထောက်အကူပြု လွှမ်းခြုံဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၃၀) ကို ကဏ္ဍကြီး (၈) ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခု တို့ဖြင့် ရေးသားပြုစု ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ NRSC က ချမှတ်ထားသည့် Quick Win အစီအမံ (၅)ရပ်နှင့် လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၃၀) တို့သည် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမဏ္ဍိုင်ကြီး(၅) ရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု (Road Safety Management)၊ ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်းသော ယာဉ်များ (Safer Vehicles)၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ (Safer Road Users)နှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post-Crash Response) တို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့် Global Road Safety Plan ပါ Voluntary Targets (၁၂)ချက်ကိုပါ အခြေခံ၍ ပြုစုရေးဆွဲ ချမှတ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်ကောင်စီများအနေဖြင့် လုပ်ငန်း Guidelines သဖွယ် ဖြစ်သည့် Quick Win အစီအမံများနှင့် Action Plan ပါ ရေတို/ရေရှည် လုပ်ငန်းစီမံချက်များကို အထူးအလေးထား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် National Road Safety Action Plan (2021-2030) ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ်များနှင့် Quick Win အစီအမံ (၅) ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၃ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Status Report on Road Safety (2023) ပါ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လေ့လာတင်ပြချက်များကို သုံးသပ်လျက် ကမ္ဘာတစ်ဝန်း ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၀၁၈ ခုနှစ် နောက်ပိုင်း ကျဆင်းလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ်နောက်ပိုင်းမှစ၍ နှစ်စဉ်ဆက်တိုက် ကျဆင်းလျက်ရှိကြောင်း၊ လူဦးရေတစ်သိန်းလျှင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကြိတ်နှုန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံ၌ ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း နှစ်ဘီး၊ သုံးဘီးတပ်ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်းသာရှိသော်လည်း အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်းရှိနေကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးပထမ ၁၀ စုနှစ်ဖြစ်သော ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း ရည်မှန်းချက်ဖြစ်သည့် တွက်ချက်မှုအခြေခံနှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းအား ၂၀၂၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိပြီး မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံအများစုမှာ ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ Five Key Risk Factors နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်မကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် Quick Win အစီအမံ (၅) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဖောက်ဖျက်မှု၊ စနစ်တကျ စောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များအား ပြည်သူများသိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ထားရှိမှု၊ ရှေးဦးပြုစုခြင်း သင်တန်းများ ဖွင့်လှစ်ပေးမှုနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆောင်ရွက်မှု၊ လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများပြင်ဆင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၉**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေး ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ပို့ကုန်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။




**ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန်လို**


ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ သတ်မှတ် ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ချက်ကို နိုင်ငံတော်မှ ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သဖြင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးကို ဘက်ပေါင်းစုံမှ အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ ဆန်၊ ပဲ၊ ပြောင်း၊ ရေထွက်ပစ္စည်း၊ ရော်ဘာနှင့် ကုန်ထုတ်ပစ္စည်း အစရှိသည့် ပို့ကုန်များကို လအလိုက် တင်ပို့ရန် လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ တင်ပို့သွားရန်လိုကြောင်း၊ CMP အထည်ချုပ်လုပ်ငန်းများ၊ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ ပိုမိုတင်ပို့ရန်တို့ကို မဖြစ်မနေ အားသွန်ခွန်စိုက် ဆောင်ရွက်စေလိုပါကြောင်း၊ ပြည်တွင်း MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင် ၂၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) တွင် "၂၀၂၄ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများရှိသကဲ့သို့ နယ်စပ်ဒေသမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုများ ရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင် ကုန်သွယ်မှုကြောင့် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဖြစ်ရန်လိုကြောင်း" လမ်းညွှန် မှာကြားခဲ့ကြောင်း၊ လမ်းညွှန် မှာကြားချက်များနှင့်အညီ ကုန်သွယ်မှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးကို တိုးတက်အောင် ကြိုးစားဆောင်ရွက်ရန် ထပ်လောင်း တိုက်တွန်းလိုပါကြောင်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ညီနောင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပို့ကုန်လုပ်ငန်းရှင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ် ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ် ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းဆက်နွယ်မှု စီမံကိန်းများနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာယန္တရားများ အပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိမည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❑ ***ရွှေဖုံးမှ***

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆည်ရေသောက်ဧရိယာနှင့် မိုးကောင်းသောက်ဧရိယာများတွင် ရေရရှိရေး နည်းလမ်းခြောက်သွယ်ဖြင့် မိုးစပါးများကို ကြဲခင်းစိုက် (အစို/အခြောက်)၊ တိုက်ရိုက်စိုက် (အစို/အခြောက်)၊ လုပ်သားရှားပါးမှုအခက်အခဲများ ဖြေရှင်းနိုင်စေရန် စပါးမျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် ကွင်းသရုပ်ပြပွဲများ၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးရေးသွင်းအားစု ကုန်ကျစရိတ်သက်သာစေရန်နှင့် စိုက်ပျိုးရေးနည်းစနစ်များကို စိုက်ပျိုးရေးကွင်းတာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကန့်ဘလူမြို့နယ်၌ မိုးစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စပါးမျိုးများအဖြစ် ဆင်းသုခ၊ ရောမင်း၊ ပေါ်ဆန်း၊ ရွှေသွယ်ရင်နှင့် မနောသုခ စသည့်စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၉** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘိုကလေးမြို့တွင် ၂ ဒသမ ၅၀ လက်မ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)တွင် ၂ ဒသမ ၂၀ လက်မ၊ ပန်းတနော်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်)တွင် ၁ ဒသမ ၃၄ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၂၃ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၁ ဒသမ ၁၈ လက်မ၊ ဝက်ထီးကန် (လေးထပ်ပြင်) နှင့် မြောင်းမြမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီနှင့် ပုတာအိုမြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၁၀ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန်များ ထုတ်လွှင့်နိုင်ရေး၊ အိန္ဒိယနိုင်ငံ အကူအညီဖြင့် တည်ဆောက်မည့် စာဆိုဗိမာန် အဆောက်အဦကို စက်တင်ဘာလတွင် မင်္ဂလာပန္နက်တင်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ ခရီးသွားမြှင့်တင်ရေးကဏ္ဍ၊ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားနိုင်ရေး တို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအတွက် PPMRS စနစ်ဖြင့် ဖြည့်သွင်းနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**စစ်တွေ ဩဂုတ် ၉**

ရခိုင်ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအတွက် PPMRS စနစ်ဖြင့် ဖြည့်သွင်းနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ် Project Progress, Monitoring and Reporting System (PPMRS) သည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသော လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများကို စိစစ်ရန်အတွက်သော်လည်းကောင်း၊ လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများ၏ တိုးတက်မှုများကို အစီရင်ခံခြင်းအတွက်သော်လည်းကောင်း ရေးဆွဲထားသော Online ဖြင့် ဆောင်ရွက်ရသည့် Software တစ်ခုဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ်(PPMRS) ကို အသုံးပြု၍ပေးပို့ရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ညွှန်ကြားထားကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ချေးငွေ၊ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒေသန္တရ စီမံကိန်းဥပဒေများပါ လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများကို သုံးလပတ်အလိုက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဌာနများမှ လုပ်ငန်းစီမံကိန်း၊ လုပ်ငန်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ထားသည့် အချိန်အတွင်း ပြည့်စုံမှန်ကန်စွာ ပေးပို့ရမည် ဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများ အနေဖြင့် ယနေ့ပို့ချသင်ကြားပေးသော သင်ခန်းစာများကို သေချာစွာ လေ့လာသင်ယူကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်း ဦးစီးမှူး ဦးသန်းထွန်းအောင်က ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအတွက် PPMRS စနစ်ဖြင့် အသုံးပြု၍ ဖြည့်သွင်းနိုင်ရန် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးသန်းထွန်းအောင်က PPMRS စနစ်အသုံးပြုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသင်ကြားရာ သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပန်းဘဲတန်းမြို့နယ် မြန်မာ့နဝရတ်မျက်စိစောင့်ရှောက်မှု သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ပန်းဘဲတန်း ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မြန်မာ့နဝရတ် မျက်စိစောင့်ရှောက်မှု သမဝါယမ အသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဒေါ်နွေးနွေးထက်အောင်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမ အသင်းသားများနှင့် ပတ်သက်၍ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပြီးနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစုပေါ် အမြတ်ငွေနှင့် အမှတ်တရ လက်ဆောင် ပစ္စည်းများကို မြန်မာ့ နဝရတ်မျက်စိစောင့်ရှောက်မှု အသင်းလီမိတက် အသင်းသားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်စံပြကျေးရွာရှိ ရွှေလက်ပန်နာရေးကူညီမှုအသင်းက လက်ပန် (အရှေ့)၊ လက်ပန် (အနောက်)၊ သရေတန်း၊ နန်းခလဲကျေးရွာများအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ စားဝတ်နေရေးအခက်အခဲရှိသော ရေဘေးသင့်နွမ်းပါးအိမ်ထောင်စု ၁၁၈ စုအား ဩဂုတ် ၈ ရက် မွန်းလွဲ ၃ နာရီက စေတနာအလှူရှင်များ (ကိုယ်စား) ဦးနိုင်ကြီး ဦးဆောင်သောအဖွဲ့က ဆန်တစ်ပြည်စီ နေအိမ်အရောက် သွားရောက်လှူဒါန်းပေးစဉ်။

ကျော်ဆန်း

❖ *ရွှေဖုံးမှ*

မြို့နယ်အတွင်း အခြေခံပညာ ၅၃ ကျောင်းကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများရေဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါမြစ်ရေသည် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းမှစ၍ တဖြည်းဖြည်း ပြန်လျော့ကျခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် ကျောင်း ၂၈ ကျောင်း၊ ဩဂုတ် ၆ ရက်တွင် ၁၇ ကျောင်း၊ ဩဂုတ် ၇ ရက်တွင် တစ်ကျောင်း၊ ဩဂုတ် ၈ ရက်တွင် သုံးကျောင်းနှင့် ဩဂုတ် ၉ ရက်တွင် လေးကျောင်း စုစုပေါင်း ၅၃ ကျောင်းစလုံးကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကျောင်းအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်၍ ပုံမှန်ကျောင်းပိတ်ရက်များဖြစ်သည့် တနင်္ဂနွေနေ့နှင့် ဥပုသ်ရက်များကို အစားထိုး၍ သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးမျိုးမြတ်ဦးထံက သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ပန်းတနော်မြို့နယ် ကျုံပတောကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပုသိမ် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာအုပ်စု ကျုံပတောကျေးရွာနှင့် အိုးဘိုကျေးရွာ ဆက်သွယ်ထားသည့် အလျား ပေ ၁၈၀၊ အနံ ပေ ၂၀ ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ယမန်နေ့ ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်တံတားအား၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပန်းတနော်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ယူရွက်လျက်ရှိရာ ယင်းတံတားသစ်အနီးရှိ အလျား ပေ ၁၈၀၊ အနံ ၁၄ ပေရှိ ကွန်ကရစ်တိုင်၊ သံယက်မ၊ သစ်သားခင်းတံတားအမျိုးအစား ချောင်းကူးတံတားဟောင်းသည် မိုးအဆက်မပြတ် ရွာသွန်းပြီး ချောင်းရေ တိုက်စားမှုကြောင့် ယခုလ ၂ ရက်နေ့တွင် ပြိုကျပျက်စီးခဲ့ရပြီး ကျေးရွာနေပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် တံတားသစ် ဆောက်လုပ်ရန်ကျန်သည့် ပေ ၆၀ ခန့်အား ယာယီဘေလီသံပေါင် တံတား တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေလမ်းကြောင်း ကောင်းမွန်စေရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ဗေဒါများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေလမ်းကြောင်းကောင်းမွန်စွာ စီးဆင်းစေရေး၊ တံတားသစ်အား ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်စေရေး၊ သွားလာမှု အဆင်ပြေစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အင်းစိန်မြို့နယ် အ.မ.က (၁၃) ၌ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

အင်းစိန်မြို့နယ်၌ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက အ.မ.က(၁၃)ရှိ ကျောင်းစာကြည့်တိုက်၌ ကျင်းပသည်။



စာအုပ် လှူဒါန်းပွဲတွင် အင်းစိန်မြို့နယ် သတင်းစာ ဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာအုပ် ၁၃ မျိုးနှင့် ပိန္နဲကုန်းရပ်ကွက်ရှိ ပိန္နဲကုန်း စာကြည့်တိုက်မှ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး (ရန်မိုးအောင်-အင်းစိန်)၊ စာကြည့်တိုက်မှူး ဒေါ်လှလှမြင့်နှင့် အဖွဲ့ဝင်များက စာအုပ်မျိုးစုံ ၁၀၀ ကျော်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှရီက လက်ခံရယူခဲ့သည်။

ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ပြုလုပ်ရာ စာရေးဆရာများဖြစ်ကြသည့် ဒေါက်တာ ဗိုလ်သံမဏိ (တောင်တွင်းကြီး)က "စာပေ၏ ဂုဏ်ကျေးဇူး"၊ ရန်မိုးအောင် (အင်းစိန်)က "စာပေမြင့်မှ လူမျိုးတင့်မည်" နှင့် ရတီနွယ် (အင်းစိန်)က "အလိမ္မာ စာမှာရှိ" ဆိုသည့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအတွက် စာပေဗဟုသုတရဖွယ်၊ စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီးက ဟောပြောသွားသော စာရေးဆရာများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းအမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အထက(၁)ဒဂုံကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ကျောင်းတွင်းလှုပ်ရှားမှုအဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ဩဂုတ် ၆ ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူပေါင်း ၁၄၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# သဲကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်လာရောက်လေ့လာ

**ပြည် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝလာစေရန်၊ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်၊ ဗလငါးတန်ပြည့်စုံစေရန်၊ ကျောင်းသားလူငယ်များ စာကြည့်တိုက်နှင့် ထိတွေ့ပြီး စာအုပ်စာပေများ ဖတ်ရှုသည့် အလေ့အကျင့်ကို ကလေးဘဝမှစ၍ လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် စာကြည့်တိုက်ကို ကောင်းစွာအသုံးပြုတတ်စေရန် ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံပညာ မူလတန်းကျောင်း ရပ်ကွက်(၃) မှ ကျောင်းသား



ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက သဲကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက်သို့ စာကြည့်တိုက်လေ့လာရေး အစီအစဉ်အဖြစ် လာရောက်လေ့လာခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက Mini Museum တွင် ခင်းကျင်းပြသထားသော ပစ္စည်းများ၏ အသုံးဝင်ပုံ၊ အသုံးပြုပုံများ၊ စာငှားစာဖတ်ဝန်ဆောင်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အနေဖြင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံများ စီစဉ်ထားရှိကြောင်း၊ ကလေးစာဖတ်ခန်း ဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်သော စက္ကူပြဇာတ်ဖြင့် ပုံပြင်ပြောခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပြည်သူ့စာကြည့်တိုက်တွင် ငှားရမ်းဖတ်ရှုနိုင်သော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၉**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးပိုလာနိုင်သည်။

ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယနေ့နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက် ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့်ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၄)ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၃ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှစ၍ တတိယနှစ်သက်တမ်း ရေးဆွဲခဲ့ကြောင်း၊ စီမံချက်ကာလ တတိယသက်တမ်း၏ ပထမ ခြောက်လပတ် အစီရင်ခံစာ (မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့သည့်အချက်အလက်များကို စုစည်းရေးသားခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန် ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက်များအရ ပြင်ဆင်ဖြည့်စွက်ကာ ယခုအစည်းအဝေးတွင် 2nd Draft အဖြစ် တင်ပြသွားမည်ဖြစ်သဖြင့် ဆွေးနွေးအတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ တတိယသက်တမ်း၏ ဒုတိယခြောက်လပတ်အစီရင်ခံစာကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလနောက်ဆုံးထား၍ အစီရင်ခံစာ ထွက်ရှိနိုင်ရေး ဌာနအသီးသီး၏ အချက်အလက်များကို သတ်မှတ်ကာလအတွင်းပေးပို့ရန် လိုအပ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ တတိယနှစ်သက်တမ်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ပြည့်မြောက်မည်ဖြစ်သဖြင့် စီမံချက်ကာလ စတုတ္ထတစ်နှစ် သက်တမ်းတိုးနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၄ ခုနှစ် ဇွန်၁၆ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၄) ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပထမ ခြောက်လပတ်အစီရင်ခံစာ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် စီမံချက်ကာလ စတုတ္ထသက်တမ်းတိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၉**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက် ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကို မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိကြသော ကိုးကန့်တိုင်းရင်းသားများ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၉) ရက်

၁။ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် Online လောင်းကစား (ကျားဖြန့်) လိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်ရှင်းလင်းရေးနှင့် ကိုးကန့်ကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေစေရန် ဆောင်ရွက်မည့်အကြောင်း MNDAA အဖွဲ့၏ ကြေညာချက်ထုတ်ပြန်ထားရှိခြင်းကို ကြားသိခဲ့ရပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် MNDAA အဖွဲ့သည် နယ်မြေကျူးကျော်စစ်ဆင် အကြမ်းဖက်သည့်လုပ်ရပ်များကို အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါဝင်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေ၍ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသော အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူကြီးနှင့် ကလေးသူငယ်များ သေဆုံးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ယခုအချိန်အခါတွင် ထောင်ပေါင်းများစွာသော ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်စွာ စုဆောင်းရှာဖွေခဲ့ရသည့် နေအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ အခြားမြို့များသို့ စစ်ဘေးတိမ်းရှောင်နေရသည့်ဘဝကို နေ့စဉ်နှင့်အမျှ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ် တွေ့မြင်နေရပါသည်။ MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များအား လုံးဝ (လုံးဝ) ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ၁၉၆၇ ခုနှစ်နောက်ပိုင်း ကိုးကန့်ဒေသ နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် အချို့သော ကိုးကန့်တိုင်းရင်းသားမိသားစုများတို့သည် အေးချမ်းတည်ငြိမ်မှုရှိသော လားရှိုး၊ မန္တလေး၊ ရန်ကုန် စသည့်အခြားမြို့များတွင် နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေထိုင်လျက်ရှိပါသည်။ အခြားသော တိုင်းရင်းသားမိသားစုများနှင့်အတူ သာရေး၊ နာရေး၊ လူမှုရေး အသင်းအဖွဲ့များတွင် အတူတကွ ပါဝင်ကူညီလျက်ရှိပြီး အမျိုး ဘာသာသာသနာနှင့် လူမှုရေးကိစ္စအဝဝတွင် လူမျိုးမရွေး ဘာသာမရွေး တတ်စွမ်းသမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့် နိုင်ငံရေး အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်း မရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိရှိ အစဉ်အမြဲခံယူပြီး ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံး အေးချမ်းပါစေ။

**ဗုဒ္ဓဘာသာကိုးကန့်ဓမ္မာရုံ**
**ကိုးကန့်တိုင်းရင်းသားမိသားစုများ**
**မန္တလေးမြို့**

## ရတနာပုံတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ကျင်းပ

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရတနာပုံတက္ကသိုလ်တို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် နှစ်စဉ်ကျင်းပသော အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ရတနာပုံတက္ကသိုလ်တွင် ကြက်ခြေနီအကြောင်းနှင့် ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ ရက်က အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ရတနာပုံတက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဆရာ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ မန္တလေးတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ်ကြက်ခြေနီလူငယ်မောင်မယ်များက "ဒို့ကြက်ခြေနီ" သီချင်းသီဆိုပြီး အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။ ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး မန္တလေးတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ အထောက်အကူပြုအရာရှိ ဦးထွန်းအောင်လွင်က ရှေးဦးပြုစုနည်းအကြောင်းအရာများကို ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ သင်တန်းဆရာများက လက်တွေ့သရုပ်ပြသခြင်းများဖြင့် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**



**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် H.E. Mr. Ajman Bin Haji Meludin ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့တွင် ဩဂုတ် ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာဖိုရမ်တို့သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ဩဂုတ် ၅ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပသည့် "အနာဂတ်တွင် အာဆီယံ နိုင်ငံ့ဝန်ထမ်းကဏ္ဍ ခိုင်မာအားကောင်းရေးနှင့် အံဝင်ခွင်ကျဖြစ်စေရေး "Strengthening ASEAN Public Sector : Fit for the Future" အစည်းအဝေးများကိုလည်းကောင်း၊ ဩဂုတ် ၆ ရက်တွင်ကျင်းပသည့် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာဖိုရမ် "Revolutionizing the Public Sector: Artificial Intelligence for Good Governance" ကို လည်းကောင်း တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေး များ၌ အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) နှင့် အာဆီယံအပေါင်းသုံး နိုင်ငံ့ ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) အတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးအတည်ပြုခြင်း၊ အခြားဆက်စပ် အစည်းအဝေးများတွင် ACCSM ကဏ္ဍအတွက် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ အဆိုပြုထားသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် အလုပ်နှင့်ဘဝ ဟန်ချက်ညီမှုရှိစေရေး၊ ဝန်ထမ်းများ၏ ကိုယ်စိတ်ကျန်းမာရေးအပေါ် အစိုးရ၏မဟာဗျူဟာများ ခိုင်မာအားကောင်းရေးဆိုင်ရာ အာဆီယံထုတ်ပြန်ချက်အပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) ရေးဆွဲရေးအတွက် လုပ်ငန်းစဉ်များတင်ပြခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ (၂၃) ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း အကြီးအကဲက (၂၀၂၄-၂၀၂၆) ကာလအတွင်း ၎င်းတို့ တာဝန်ယူဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးများနှင့် ဆက်စပ်လုပ်ငန်းစဉ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ဒုတိယဝန်ကြီး ဦးရဲတင့် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ပခုက္ကူ မြို့နယ် ဝါဒီ အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းရွာအလယ်တန်းကျောင်းတို့ကိုရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ လူငယ်များ ဗလငါးတန်ပြည့်ဝရေး၊ အသိပညာ အတတ်ပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရေးနှင့် ဘဝတစ်လျှောက်လုံးစာပေဖတ်ရှုလေ့လာရေးတို့ကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းပြီး အားကစားပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လမ်းရွာကျေးရွာရှေ့ဆောင် စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက် ရေရှည်တည်တံ့နိုင်ရေး၊ လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်အောင် စည်းရုံးဆောင်ရွက်ရေးတို့မှာကြားပြီး စာကြည့်တိုက်အတွက်အလှူငွေပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေနံချောင်းမြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများကို လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မကွေးခရိုင်ရုံး၌ တိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများ၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်ရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာများ၊ လုံခြုံရေးဆိုင်ရာများ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသား မှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အာရေဗျသူရဲကောင်း (ဒုတိယအကြိမ်) | ဆန်းလွင်၊ အောင်နိုင်ဦး | ဦးခင်မောင်ဌေး လင်းသစ်ရောင်စဉ် စာပေတိုက် |
| ၂။ | အနာဂတ်ကို ရှင့်နာမည်မှာ ဝှက်ထားတယ် | စီစီလီယန် | ဦးဝင်းသူရလွင် အိပ်မက်အသစ် စာပေ |
| ၃။ | ကဗျာလည်းသင်၊ စာလည်းသင် (ပထမအတွဲ) | မြဝင်း(ဒဿန) | ဦးဆန်းအောင်သူ ပဉ္စင်္ဂံစာအုပ်တိုက် |
| ၄။ | အတွေးအခေါ်ဟင်းလေးအိုးကြီး (ဒုတိယအကြိမ်) | ရွှေဥဒေါင်း | ဦးသိမ်းမင်း ပန်းရွှေပြည် စာအုပ်တိုက် |

**ပြန်ကြားရေးဝန်ကြီးဌာန**

## မိုးမြေပဲစီမံကိန်းဝင်တောင်သူများအား သွင်းအားစုပစ္စည်းများပေးအပ်

**နတ်မောက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးမြေပဲ စီမံကိန်းဝင်တောင်သူများသို့ သွင်းအားစုပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ သွင်းအားစုပစ္စည်းပေးအပ်ပွဲသို့ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သွင်းအားစု ကိုယ်စားလှယ်များ၊ ဝယ်/ကြိတ်အဖွဲ့ဝင်များနှင့် တောင်သူဦးကြီးများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက မိုးမြေပဲစိုက်ပျိုးသည့် တောင်သူဦးကြီးများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သွင်းအားစုပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံ မိုးမြေပဲ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကျေးရွာအုပ်စု နှစ်အုပ်စုတွင် မိုးမြေပဲစိုက်ဧက ၃၀၀ အတွက် တောင်သူ ၉၄ ဦးကို သွင်းအားစုပစ္စည်းများ ပေးအပ်ခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ချင်းပြည်နယ်ဝန်ကြီးချုပ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ဟားခါး ဩဂုတ် ၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ချေးမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် ( ၃/၂၀၂၄ ) ကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး**(ယာပုံ)** ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူက မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တိုးက ဖတ်ကြားပြီး အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် တင်ပြလိုသည့်အချက်များကို သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြကြပြီးနောက် ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးများက ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**ခရိုင် ( ပြန်/ဆက် )**

# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၁၇/၂၀၂၃) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက် အလေးပြုကြသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုး၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရဲနိုင်ထွန်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုးနှင့် ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် တာဝန်ကျရာဒေသများတွင် နိုင်ငံအကျိုး၊ ပြည်သူလူထု၏ အကျိုးကို ရှေးရှုကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များကို နိုင်ငံတော်မှ ထိုက်တန်သည့် ဂုဏ်ပြုမှုများဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်း သာယာရေးအတွက် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ကြရမည့်အပြင် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများ ချမှတ်အကောင်အထည်ဖော် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံလုံခြုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေလျက်ရှိသည့်အပြင် လူသားမျိုးနွယ် တစ်ခုလုံးကို လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါး ပပျောက်သည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၁၇)ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၁၇ ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၃၄၆ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နေဇော်အောင်က အနာဂတ်သားကောင်းရတနာများ ဖြစ်ပေါ်လာမည့် ကလေးငယ်များ အာဟာရဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းစွာ ကြီးပြင်းလာစေရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန် အချက်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို အာဟာရဖွံ့ဖြိုးရေး၊ ကျန်းမာရေး အကြောင်း အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးလှသောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေဇော်အောင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို အာဟာရဖွံ့ဖြိုး တိုးတက်စေရေးအတွက် အားရှိစေမည့် အစားအစာများ၊ အသုံးအဆောင် ပစ္စည်းများကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နောင်နောင်**
**(ဗိုလ်သန်းမြေ)**

❍ *ကျောဖုံးမှ*

ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၅၃ မိနစ်တွင် ရဲမိုးယံက မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ထို့ကြောင့် Dagon Port အသင်းသည် ချေပဂိုးရရှိရန် တောက်လျှောက် ကြိုးပမ်းလာပြီး ၇၉ မိနစ်တွင် မိုဂူက ချေပဂိုးပြန်သွင်းကာ ၉၀+၄ မိနစ်တွင် မျိုးဆက်ပိုင်က အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် မျိုးဆက်ပိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ခြောက်ပွဲကစား ခုနစ်မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို ဩဂုတ် ၁၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည် ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် အား/ကာသီပွဲ၊ ပုသိမ်ကွင်း၌ ရောဝတီယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်နှင့် သစ္စာအားမာန် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။


**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့

*မောင်လူအေး(ရေစကြို)*

**ဩဂုတ်လ ၁၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဖြစ်ပါသည်။ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို လွှဲပြောင်းတာဝန်ယူကြရမည်ဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။**




သို့ဖြစ်ရာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ကမ္ဘာတစ်ဝန်း လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို နိုင်ငံတကာ အသိုက်အဝန်းမှ သိရှိနားလည်ကာ လိုအပ်သည့် မူဝါဒ၊ မဟာဗျူဟာများရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်စေရန်အတွက် လည်းကောင်း ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားများကို ကုလသမဂ္ဂကကြီးမှူး၍ ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ကာနှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် လူငယ်များအား အသိအမှတ်ပြုဂုဏ်ပြုသည့် အခမ်းအနားများ ကျင်းပပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

**လူငယ်များ၏ အသံ၊ လိုလားချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်နှင့် လူငယ်များ၏ အသံ၊ လိုလားချက်များအပေါ် တာဝန်ရှိသူများက ပိုမိုသိရှိနားလည် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားများကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်စဉ် ဩဂုတ်လ ၁၂ ရက် နေ့တွင် ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။

၂၀၂၂ ခုနှစ်အတွင်း ကောက်ယူခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ နှိုင်းယှဉ်လေ့လာချက်စစ်တမ်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်ဦးရေ၏ ၇၅ ရာခိုင်နှုန်း (သို့မဟုတ်) လေးပုံသုံးပုံသည် အင်တာနက်အသုံးပြုကြပြီး အဆိုပါ ရာခိုင်နှုန်းသည် အခြားသော အသက်အုပ်စုများထက် ၁၀ ရာခိုင်နှုန်း ပိုမိုမြင့်မားကြောင်း ဖော်ပြထားရှိပါသည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒစ်ဂျစ်တယ်ပစ္စည်းများ သုံးစွဲနိုင်မှုနှင့် အင်တာနက် လက်လှမ်းမီသုံးစွဲနိုင်မှုတို့တွင် လူငယ်များအကြား ကွာဟချက်များ ရှိနေဆဲဖြစ်ရာ ကျား မ၊ ဆင်းရဲ ချမ်းသာ ကွာဟချက်မရှိဘဲ လူငယ်အားလုံးအတွက် digital inclusion ဖြစ်စေရေး၊ digital platform တွင် လူငယ်တိုင်း လက်လှမ်းမီပါဝင်သုံးစွဲနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားရန် ကုလသမဂ္ဂအဖွဲ့ကြီးက တိုက်တွန်းနှိုးဆော်ထားပါသည်။

ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒေတာအချက်အလက်များသည် စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်အပါအဝင် နယ်ပယ်များစွာအတွက် ကြီးမားသော အကျိုးသက်ရောက်မှုရှိကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များပါ ရည်မှန်းချက် ၁၆၉ ခု၏ ၇၀ ရာခိုင်နှုန်းအထိ အထောက်အကူဖြစ်စေပြီး သုတေသနတွေ့ရှိချက်များအရ ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာ အသုံးချခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရေးအတွက် သုံးစွဲရမည့်ကုန်ကျစရိတ်အား အမေရိကန်ဒေါ်လာ ၅၅ ထရီလီယံအထိ လျှော့ချပေးနိုင်ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးထားသည့် ဆောင်ပုဒ်မှာ "From Clicks to Progress: Youth Digital Pathways for Sustainable Development" "**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး**"ဖြစ်ပြီး လူငယ်များသည် ဒစ်ဂျစ်တယ်ခေတ်တွင် မွေးဖွားလာကြသူများဖြစ်သည့်အားလျော်စွာ အခြားသော အသက်အရွယ်အုပ်စုများထက် နည်းပညာနှင့် ပိုမိုရင်းနှီးကျွမ်းဝင်ကြသူများ ဖြစ်ကြသည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(Agenda2030) ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လူငယ်များက အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

**ဆန်းသစ်တီထွင်မှုဖြင့် အရှိန်မြှင့်တင်**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Agenda 2030) ပြည့်မီအောင် အကောင်အထည်ဖော်ရန် သတ်မှတ်ရက်သည်လည်း တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ရာ ပန်းတိုင်၊ ရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်သော လူငယ်များ၏ ဆန်းသစ်တီထွင်မှုဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းထားရှိခြင်း ဖြစ်ပါသည်။

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ပြီး အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေရာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို အကောင်းဆုံးပုံဖော်ဖန်တီးနေခြင်းပင်ဖြစ်သည်။

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် အသိပညာ၊ အတတ်ပညာ ပင်ကိုအရည်အသွေးစွမ်းရည်များနှင့် ပြည့်စုံသည့် လူငယ်အရင်းအမြစ်များ ပိုင်ဆိုင်ထားရှိခြင်းဖြစ်သည်။ ယင်းကြောင့်လည်း ကမ္ဘာ့နိုင်ငံများတွင် လူငယ်များ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေး၊ ပညာရည်မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရေးအတွက် မူဝါဒများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

၂၀၁၉ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်၊ လူဦးရေ ၁၆ ဒသမ ၈ သန်းသည် အသက် ၁၅ နှစ် မှ ၃၄ နှစ်အထိ လူငယ်များဖြစ်ကြပြီး အသက် ၁၅ နှစ်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ ၆၃ ရာခိုင်နှုန်း၊ လူဦးရေ ၂၂ ဒသမ ၉ သန်းရှိသည့်အတွက် မြန်မာနိုင်ငံသည် မှီခိုသူလူဦးရေအချိုးအစား နည်းပါးပြီး အလုပ်လုပ်နိုင်သော လူဦးရေအချိုးအစားများပြားကာ လူသားအရင်းအမြစ် ပေါများသည့် အခြေအနေတစ်ရပ်ဖြစ်သည့် "လူဦးရေဆုလာဘ်" သို့မဟုတ် "အခွင့်အရေးတံခါး" (Demographic Bonus/ Demographic Window of Opportunity) ပိုင်ဆိုင်ရရှိထားသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါအခွင့်အရေးကို အပြည့်အဝ အသုံးချကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရမည့် အချိန်အခါကောင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁-၈-၂၀၂၁)ရက်စွဲပါ အမိန့်အမှတ်(၁၅၁/၂၀၂၁)အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အဖြစ် သီးခြားစီ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ထို့နောက် ၂-၂-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)၏ သဘောတူခွင့်ပြုချက်အရ လူငယ်ရေးရာဦးစီးဌာနအား အရာထမ်း ၃၆၉ ဦး၊ အမှုထမ်း ၁၅၁၁ ဦး စုစုပေါင်း ၁၈၈၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အရာထမ်း ၂၈ ဦး၊ အမှုထမ်း ၉၀ စုစုပေါင်း ၁၁၈ ဦးဖြင့် လူငယ်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်**

ထို့အတူ လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်သည့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများကို ၂၄-၆-၂၀၂၂ ရက်နေ့တွင်

**❂ လူငယ်များသည် လူ့ဘောင်အဖွဲ့အစည်းအတွက် အားကိုးအားထားပြုရသည့် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။ ခေတ်စနစ်များ မည်ကဲ့သို့ပြောင်းလဲစေကာမူ လူငယ်မျိုးဆက်သစ်များသည် အတွေးအခေါ်၊ အတွေ့အကြုံ၊ အရည်အသွေး၊ အစွမ်းအစများနှင့် ပြည့်စုံကာ ထူးချွန်ထက်မြက်နေသူများ ဖြစ်ရပါမည်။ အသိပညာ၊ အတတ်ပညာနှင့် အတွေးအခေါ် ထက်မြက်မြင့်မားသည့် လူသားအရင်းအမြစ်များဖြင့်သာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်**

*စာမျက်နှာ ၁၁ သို့*

## ရပ်စောက်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး စက်ချုပ်သင်တန်းဖွင့်



ရပ်စောက် ဩဂုတ် ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေး အမျိုးသမီးစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၇ ရက်က ရပ်စောက်မြို့နယ် ယမ်းတွင်းငကြောင်ကျေးရွာအုပ်စု ရတနာပုံကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ယခုဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာရေးအတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချမှုများကို လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်သည်အထိ သင်ယူလေ့လာကြရန်၊ တတ်မြောက်သည့် ပညာရပ်နှင့် လုပ်ငန်းထူထောင်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အပ်ချုပ်စက်သင်တန်းတွင် အခြေခံစက်ချုပ်ဘာသာရပ်ကို ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၅ ရက်အထိ၊ အဆင့်မြင့်စက်ချုပ်ဘာသာရပ်ကို စက်တင်ဘာ ၁၃ ရက်မှ ၂၇ အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စက်မှု/စိုက်မွေးအထက်တန်းကျောင်း(ကျုံး)၌ ပညာရည်ချွန်ဆုချီးမြှင့်

ပင်းတယ ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ကျုံး)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကံ့ကော်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၏ကိုယ်စား ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးဟိန်းထက်ဇော်က ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့် လူသားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြပြီး နောင်တစ်ချိန်မှာ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်နိုင်သော ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များဖြစ်လာစေရန် ဆက်လက်ကြိုးစားသင်ယူသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲအား သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

ပွင့်ဖြူ ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးခြင်းကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၁၆၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းက စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ မြေပဲ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ နှမ်း၊ မြေပဲ၊ နေကြာ စတဲ့ဆီထွက်သီးနှံစုံ ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက် ရှိပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ မိုးမြေပဲစိုက်ပျိုးမှုက ၁၆၆၁ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ယနေ့အထိ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီး ဖြစ်ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေအဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေး နည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပေါင်းတည်၌ အခြေခံစားသုံးကုန်များ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းဝယ်ရေးဆောင်ရွက်

ပေါင်းတည် ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အခြေခံစားသုံးကုန်ဖြစ်သော ဆန်နှင့်ဆီကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအဖွဲ့နှင့် ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကာ သင့်တင့်မျှတသောဈေးနှုန်းတို့ဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တစ်မြို့နယ်လုံးရှိ ဆန်လုပ်ငန်းရှင်နှင့် ဆီလုပ်ငန်းရှင်များ၊ ဆန်ဆိုင်၊ ဆီဆိုင်၊ ကုန်စုံဆိုင်များအနေဖြင့် လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် အမြတ်အစွန်းပိုမိုမယူဘဲ ရောင်းချပေးရေးအတွက် တာဝန်ရှိအဖွဲ့များက အမြဲစောင့်ကြည့်လေ့လာကာ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် အခြေခံစားသုံးကုန် ဆန်တစ်ပြည်လျှင် ကျပ် ၃၀၀၀၊ ဆီတစ်ပိဿာလျှင် ကျပ် ၆၂၀၀ ဈေးနှုန်းတို့ဖြင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ကိုယ်စားလှယ်ဆိုင်ကြီး ခြောက်ဆိုင်တို့ ပူးပေါင်းစီစဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ လူငယ်မျိုးဆက်သစ်များ အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲကာ ထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်မည် ဖြစ်သည်။

လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျ ဖော်ညွှန်းထားသော မူဘောင်တစ်ခု ဖြစ်သည့် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းမူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄)ကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်သည်။

လူငယ်ရေးရာမူဝါဒပါ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ (၁၆)ရပ်ဖြစ်သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့်နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား/မ ညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍရပ်များအပေါ် ခေတ်စနစ်အခြေအနေနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူငယ်ရေးရာကော်မတီများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ အရှိန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မဟာဗျူဟာစီမံချက်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဦးဆောင်၍ မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ခေတ်စနစ်နှင့်အညီ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်အနက် တစ်ရပ်တွင် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟု ချမှတ်ထားရှိကာ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ နောင်တစ်ချိန်တွင် နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီက ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ လူငယ်လေ့လာရေးအစီအစဉ်များ၊ လူငယ်နှီးနှောဖလှယ်ရေးအစီအစဉ်များ၊ လူငယ်စကားဝိုင်းများ၊ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စေတနာ့ဝန်ထမ်းအစီအစဉ်များ၊ လူငယ်ခေါင်းဆောင်မှု အစီအစဉ်များ၊ အားကစားပြိုင်ပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များ၊ လူငယ်နှင့် စာပေအနုပညာပွဲတော်၊ လူငယ်စုံညီပွဲတော်၊ လူငယ်တွေ့ဆုံပွဲများ၊ အာဆီယံနှင့် ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများနှင့် လူငယ်ဖိုရမ်များ၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား၊ အလုပ်အကိုင်ပြပွဲများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

လူငယ်များသည် လူ့ဘောင်အဖွဲ့အစည်းအတွက် အားကိုးအားထားပြုရသည့် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။ ခေတ်စနစ်များ မည်ကဲ့သို့ပြောင်းလဲစေကာမူ လူငယ်မျိုးဆက်သစ်များသည် အတွေးအခေါ်၊ အတွေ့အကြုံ၊ အရည်အသွေး၊ အစွမ်းအစများနှင့် ပြည့်စုံကာ ထူးချွန်ထက်မြက်နေသူများ ဖြစ်ရပါမည်။ အသိပညာ၊ အတတ်ပညာနှင့် အတွေးအခေါ် ထက်မြက်မြင့်မားသည့် လူသားအရင်းအမြစ်များဖြင့်သာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံကာ လက်ရှိ ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိရန် လွန်စွာအရေးကြီးလှပါသည်။ သို့မှသာ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံအကျိုးစီးပွားအတွက် တစ်ထောင့်တစ်နေရာမှ သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်မည်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဟားရစ်နှင့် ထရမ့်တို့ စက်တင်ဘာ ၁၀ ရက်တွင် သမ္မတရွေးကောက်ပွဲ စကားစစ်ထိုးပွဲပြုလုပ်ရန် သဘောတူ



ဒုတိယသမ္မတ ကာမလာဟားရစ်နှင့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်။

ဝါရှင်တန် ဩဂုတ် ၉

အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်နှင့်အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့သည် လာမည့်အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ၎င်းတို့၏ ပထမအကြိမ် ရုပ်သံစကားစစ်ထိုးပွဲကို စက်တင်ဘာ ၁၀ ရက်တွင် ပြုလုပ်မည်ဟု သဘောတူခဲ့သည်။

အမေရိကန် သမ္မတ ရွေးကောက်ပွဲ မဲဆွယ်ပွဲများတွင် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကင် သမ္မတလောင်းများသည် ရုပ်မြင်သံကြားမှ စကားစစ်ထိုးပွဲများပြုလုပ်လေ့ရှိသည်။

စက်တင်ဘာ ၄ ရက်၊ ၁၀ ရက်နှင့် ၂၅ ရက်တို့တွင် ဟားရစ်နှင့် စကားစစ်ထိုးရန် တီဗွီကွန်ရက်များနှင့် သဘောတူခဲ့ကြောင်း ဩဂုတ် ၈ ရက်တွင် ထရမ့်က ပြောသည်။ အဆိုပါအချိန်ဇယားများအတိုင်း ပြုလုပ်ရန် ဟားရစ်ကို ထရမ့်က တောင်းဆိုခဲ့သည်။ ထရမ့်က စက်တင်ဘာ ၁၀ ရက်တွင် စကားစစ်ထိုးရန် ကတိကဝတ်ပြုသည့်အတွက် ဝမ်းသာကြောင်း ဟားရစ်က သတင်းထောက်များကိုပြောသည်။ ၎င်းပါဝင်မည်ဟုလည်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နာဂါဆာကီ၌ ပေါက်ကွဲခဲ့သည့်အဏုမြူဗုံးသာ နောက်ဆုံးဖြစ်သင့်ကြောင်း ဝန်ကြီးချုပ်ကီရှီဒါသတိပေး

တိုကျို ဩဂုတ် ၉

နာဂါဆာကီမြို့သည်သာ ကမ္ဘာပေါ်တွင် အဏုမြူဗုံးဒဏ်ခံရသည့် နောက်ဆုံးနေရာဖြစ်စေလိုကြောင်း မြို့တော်တိုကျို၌ ကျင်းပသည့် အောက်မေ့ဖွယ်အခမ်းအနားတွင် ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက ကမ္ဘာ့လူမှုအသိုက်အဝန်းကို တောင်းဆိုလိုက်သည်။ ဩဂုတ် ၉ ရက်သည် ဟီရိုရှီးမားကို အဏုမြူဗုံးကြဲချခံရပြီးနောက် သုံးရက်အကြာ နာဂါဆာကီမြို့ကို အဏုမြူဗုံးဖြင့် ဖျက်ဆီးခံခဲ့ရသည့် (၇၉) နှစ်မြောက် အောက်မေ့ဖွယ်နေ့ဖြစ်သည်။

ထိုမြို့နှစ်မြို့၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်ဆိုးမျိုး နောက်ထပ်ဘယ်သောအခါမျှ မဖြစ်သင့်တော့ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

စစ်အတွင်း အဏုမြူဗုံးဒဏ်ခံခဲ့ရသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံအနေဖြင့် အဏုမြူလက်နက်ကင်းမဲ့သည့် ကမ္ဘာကြီး ပေါ်ပေါက်လာရေးကို တစိုက်မတ်မတ်ဖြင့် လက်တွေ့ကျကျ ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ အဏုမြူလက်နက်လျှော့ချရေး မည်သို့ပင် လုပ်ဆောင်ငြားသော်လည်း ကမ္ဘာ့အသိုက်အဝန်းများအကြားတွင် ဖြစ်ပေါ်နေသည့် သဘောထားကွဲလွဲမှုများ၊ လုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေများကြောင့် အဏုမြူလက်နက်ခြိမ်းခြောက်မှုအန္တရာယ်များ ပေါ်ပေါက်နေသည့်အတွက် ကမ္ဘာ့လူ့အသိုက်အဝန်းကြားတွင် နာဂါဆာကီမြို့သည်သာ အဏုမြူဗုံးဒဏ်သင့်ခဲ့ရသည့် နောက်ဆုံးနေရာတစ်ခု ဖြစ်စေလိုကြောင်း ဝန်ကြီးချုပ် ကီရှီဒါက အလေးအနက် ပန်ကြားလိုက်သည်။




ဂျပန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေးဆိုင်ရာ သဘောတူစာချုပ်အပေါ် ပြန်လည်သုံးသပ်ခြင်းညီလာခံ ၂၀၂၆ တွင် အဓိပ္ပာယ်ပြည့်ဝသောရလဒ်များ ရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နိုင်ငံများအကြား နျူကလီးယားလက်နက်မပြန့်ပွားရေးအတွက် ခိုင်မာသော အစီအမံများကို ရှာဖွေနိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဩဂုတ် ၁၅ ရက်တွင် ဂါဇာဒေသ အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲကျင်းပရန် အမေရိကန်၊ အီဂျစ် နှင့် ကာတာနိုင်ငံတို့မှ ခေါင်းဆောင်များတောင်းဆို

ဂါဇာ ဩဂုတ် ၉

အစ္စရေးနှင့်ဟားမားစ် အုပ်စုတို့ စေ့စပ်ညှိနှိုင်းမှုများ ဩဂုတ် ၁၅ ရက်တွင် ပြန်လည်စတင်ရန် အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့မှ ခေါင်းဆောင်များက လိုလားကြသည်။ ယင်းသို့စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြင့် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အပြီးသတ်နိုင်မည်ဖြစ်သည်။

အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့မှ ခေါင်းဆောင်များက ဩဂုတ် ၈ ရက်တွင် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွတ်မြောက်ရေး သဘောတူညီချက် အဆုံးသတ်ရန် အချိန်ကျရောက်လာပြီဖြစ်သည်ဟု ကြေညာချက်တွင် ပါဝင်သည်။ ပဋိပက္ခဖြစ်ပွားနေသည့် နှစ်ဖက်စလုံးမှ မျှော်လင့်ချက်နှင့် ကိုက်ညီမှုရှိပြီး ဖြေရှင်းရန် ကျန်ရှိနေသေးသည့် ပြဿနာများအတွက် အပြီးသတ် ပေါင်းကူးတံတားကို ကမ်းလှမ်းထားပြီးဖြစ်ကြောင်း ခေါင်းဆောင်များက ပြောသည်။

လာမည့်သီတင်းပတ် ကြာသပတေးနေ့တွင် ဒိုဟာမြို့ သို့မဟုတ် ကိုင်ရိုမြို့တွင် အစ္စရေးနှင့်ဟားမားစ်တို့ ဆွေးနွေးပွဲပြန်လည်စတင်ရန် ခေါင်းဆောင်များက တောင်းဆိုထားကြသည်။

ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန် အဆင်သင့်ဖြစ်နေပြီဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောသည်။ အဆိုပါဆွေးနွေးပွဲသို့ ဟားမားစ်တို့ဘက်မှ တက်ရောက်ခြင်းရှိမရှိကို မသိရသေးချေ။

ဟားမားစ်အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင် အသတ်ခံရပြီးနောက် ဟားမားစ်တို့၏ရပ်တည်ချက်မှာ တင်းမာသည့်ဟန်ရှိသည်။ ဟားမားစ်အဖွဲ့သည် ယာယာ ဆင်ဝါကို ၎င်းတို့၏ နိုင်ငံရေးခေါင်းဆောင်အသစ်အဖြစ် ရွေးချယ်ခဲ့သည်။

ဆင်ဝါသည် ပြီးခဲ့သည့် အောက်တိုဘာလ တိုက်ခိုက်မှုတွင် နောက်ကွယ်မှ ကြိုးကိုင်သူဖြစ်သည်ဟု အစ္စရေးတို့က စွပ်စွဲခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်မူကြမ်း အတည်ပြု

တိုကျို ဩဂုတ် ၉

လိမ်လည်မှု၊ ငွေကြေးခဝါချမှုနှင့် ကလေးသူငယ်ညစ်ညမ်းရုပ်ပုံစာပေ အပါအဝင် အွန်လိုင်းရာဇဝတ်မှုများကို နှိမ်နင်းရန် ရည်ရွယ်သည့် ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်မူကြမ်းကို ကုလသမဂ္ဂကော်မတီက အတည်ပြုလိုက်ပြီဖြစ်သည်။

ဩဂုတ် ၈ ရက်က အတည်ပြုခဲ့သည့် အဆိုပါစာချုပ်မူကြမ်းတွင် ဆိုက်ဘာရာဇဝတ်မှု၌ ပါဝင်ပတ်သက်နေသူများအတွက် ဘေးကင်းလုံခြုံမှုကို ဖန်တီးပေးခြင်းနှင့် အွန်လိုင်းရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ အားကောင်းလာစေရေး ဆောင်ရွက်ကြရန်၊ ဆိုက်ဘာရာဇဝတ်မှုမြင့်တက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နည်းပညာအကူအညီ အပါအဝင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်ရန် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအား တောင်းဆိုထားသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံသည် စာချုပ်မူကြမ်းကို စက်တင်ဘာလအတွင်း ထုတ်ပြန်သွားဖွယ်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက အဆိုပါမူကြမ်းကို ထောက်ခံကြိုဆိုခဲ့ကြကာ အနောက်နိုင်ငံများကမူ ယင်းစာချုပ်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ချက်များ ဖြစ်ပေါ်စေနိုင်သည့်အတွက် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုရှိလာမည်ကို စိုးရိမ်ကြောင်း ပြောဆိုခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ဘက်၌ ငလျင်လှုပ်ခတ်

တိုကျို ဩဂုတ် ၉

ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အနီးဝန်းကျင်ဒေသများ၌ ဩဂုတ် ၉ ရက် ညနေပိုင်းတွင် ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငလျင်မှာ တိုကျိုမြို့တောင်ဘက် ခါနာဂါဝါပြည်နယ် အာစွတ်ဂီမြို့အပါအဝင် အပြင်းထန်ဆုံးလှုပ်ခဲ့သည့်ဒေသများ၌ ငလျင်အဆင့် ၅ အောက်ရှိကြောင်း သိရသည်။

ငလျင်သည် ခါနာဂါဝါပြည်နယ်၏ အနောက်ဘက်ဒေသများသို့ ဗဟိုပြုကာလှုပ်ခဲ့ပြီး ငလျင်အနက်မှာ ၁၀ ကီလိုမီတာရှိကြောင်း၊ ငလျင်လှုပ်မှုကြောင့် အဆောက်အအုံများ တုန်ခါသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် တိုဟိုခု၊ ဂျိုအဲစွတ်နှင့် ဟိုခုရိခုကျည်ဆန်ရထားဝန်ဆောင်မှုများကို ယာယီရပ်နားခဲ့ကာ ၁၀ မိနစ်ခန့်အတွင်း လုပ်ငန်းများ ပြန်လည်စတင်ခဲ့ကြောင်း မီးရထားကုမ္ပဏီက ပြောကြားသည်။ ဩဂုတ် ၉ ရက်ညက ဂျပန်နိုင်ငံအရှေ့ပိုင်း၌ ငလျင်လှုပ်မှုတစ်ခု ဖြစ်ပွားပြီးနောက် အချို့လုပ်ငန်းများကို ဆိုင်းငံ့ထားပြီး ဝန်ဆောင်မှုများကို ည ၉ နာရီတွင် ပြန်လည်စတင်ခဲ့ကြောင်း တိုခအိဒိုကျည်ဆန်ရထားလိုင်း၏ ကုမ္ပဏီက ပြောကြားသည်။

အဆိုပါ ငလျင်မှာ အခြားကြီးမားသည့်ငလျင်တစ်ခု၏ ရှေ့ပြေးဖြစ်နိုင်ပြီး ပြည်သူများသတိရှိရန် လိုအပ်ကြောင်း တိုကျိုမြို့ ငလျင်သုတေသနဌာနဆိုင်ရာ တက္ကသိုလ်မှ ပါမောက္ခ ဆာခအိ ရှိနီချိက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ယီမင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် သေဆုံးသူ ၄၅ ဦး အထိရှိလာ

ဆာနား ဩဂုတ် ၉

ယီမင်နိုင်ငံ အနောက်ပိုင်း၌ တစ်ပတ်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ပြီး သေဆုံးသူဦးရေမှာ ၄၅ ဦးအထိ ရှိလာပြီဟု ယီမင်နိုင်ငံရုပ်သံက ဩဂုတ် ၉ ရက်တွင် ဖော်ပြသည်။

ယခုသီတင်းပတ်အတွင်း ပြည်နယ်ခုနစ်ခုတွင် မိုးကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေကြီးမှုကြောင့် နေအိမ်ပေါင်း ၁၂၅၈၄ လုံး ပျက်စီးခဲ့ရပြီး လူပေါင်း ၃၆၄၀ နေရပ်စွန့်ခွာခဲ့ရသည်။

ရုပ်မြင်သံကြားမှထုတ်လွှင့်သည့် ဗီဒီယိုဖိုင်တွင် ဟူဒေးဒါးရှိ ကျေးရွာတစ်ရွာမှာ ရေကြီးမှုကြောင့် လုံးဝပျက်စီးသွားကြောင်း တွေ့မြင်ရသည်။ ရေကြီးမှုကြောင့် အခြေခံအဆောက်အအုံများပျက်စီးကာ ဒေသခံများ နေရပ်စွန့်ခွာထွက်ပြေးကြရပြီး လမ်းများ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်တွင် ပါဝင်သည်။

မသန့်ရှင်းသည့် ရေနှင့် ညစ်ညမ်းသည့် မိလ္လာစနစ်တို့ကြောင့် ကူးစက်ရောဂါများ ပျံ့နှံ့လာမည်ကို စိုးရိမ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ **ဆင်ဟွာ**

# ထားဝယ်တက္ကသိုလ်၌ ကရင်ရိုးရာဒုံးယိမ်းအကသင်တန်း၊ မွန်အကသင်တန်းနှင့် ဂီတာသင်တန်းဆင်းပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၉**

ထားဝယ်တက္ကသိုလ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော ကရင်ရိုးရာဒုံးယိမ်းအကသင်တန်း၊ မွန်အကသင်တန်းနှင့်ဂီတာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခဌာန မှူးများက မြကျွန်းညိုညိုတက္ကသိုလ်သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

**ချစ်ကြည်သွေးစည်းမှု ပိုမိုခိုင်မာ**

အခမ်းအနားတွင်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ထားဝယ်တက္ကသိုလ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော ကရင်ရိုးရာဒုံးယိမ်းအကသင်တန်း၊ မွန်အကသင်တန်းနှင့် ဂီတာသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့သောကြောင့်ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ တက္ကသိုလ်ပေါင်းစုံက ကပြ၊ သီဆို၊ ဖျော်ဖြေကြသောကြောင့် ကျောင်းသား ကျောင်းသူများ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးလာပြီး ချစ်ကြည်သွေးစည်းမှု ပိုမိုခိုင်မာလာကာ အနာဂတ်နိုင်ငံတော်ကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်နှင့် မိမိတို့၏နိုင်ငံတော်၊ မိမိတို့၏ပြည်ထောင်စုကို လက်ဆင့်ကမ်းလွှဲပြောင်းရယူကာ ဆက်လက်တည်ဆောက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေး**

ထို့နောက် သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ပေါင်းစုံမှတိုင်းရင်းသားများက မွန်တပင်တိုင်အက၊ တေးသရုပ်ဖော်အက၊ ကရင်ဒုံးယိမ်းအက၊ တိုင်းရင်းသားရိုးရာအက၊ ကရင်(စုံတွဲ) တေးသရုပ်ဖော်အကနှင့် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက သီဆိုကပြဖျော်ဖြေသော တိုင်းရင်းသားများအား ဂုဏ်ပြုငွေကျပ် သုံးသိန်း ချီးမြှင့်ပြီး ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဦးက ကရင်ဒုံးယိမ်းအက နည်းပြများအား ဂုဏ်ပြုငွေကျပ် တစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သင်တန်းကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော မသန်စွမ်းကလေးသူငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှု၊ စာသင်ခန်းများထားရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ မသန်စွမ်းကလေးငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ပြုစုပေးနေမှုနှင့် ပညာဆက်လက်သင်ကြားနိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။(ဓါတ်ပုံ)

အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ခြေအိတ် ၅၅၀ ကီလိုဂရမ်၊ Maidingge အသား ကြိတ်စက်နှစ်ခု၊ Auxilliary Water Cooled Reactor တစ်လုံး အပါအဝင် ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၉၅၆၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Truck တစ်စီးနှင့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၇၉၅၆၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ ဩဂုတ် ၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူ**

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ဘုရားကြီးမြို့ မြို့အဝင်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Toe Post Sandal/Slipper ဖိနပ် အရံ ၄၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၁၀၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ပဲခူးမြို့ သွန်းဘုရားကြီး ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ၂၈၃ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၅၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၉၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၉၇၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၅၂၉၇၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် Novel Health Care ဆေးခန်း၌ တရားမဝင်ဆေးဝါးများဖြစ်သည့် Abhayrab ခွေးရူးပြန်ကာကွယ်ဆေးဘူး ၁၀၀ အပါအဝင် ကာကွယ်ဆေး ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၈၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးမှုများဆောင်ရွက်**

ထို့အတူ ဩဂုတ် ၈ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံခရိုင် ပေါင်မြို့နယ်၌ တရားမဝင်အခြားသစ် ၁ ဒသမ ၅၇၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၅၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၆၆၃၆၃၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ်၌ မိုးစပါးစိုက်ဧက ၂၇၀၄၆ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခဲ့ပြီး ဆက်လက်ထုတ်ပေး

**ချောင်းဆုံ ဩဂုတ် ၉** – မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ တောင်သူများ အချိန်မီမိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)က မေ ၂၀ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၈ ရက်အထိ ကျေးရွာအုပ်စု ၄၁ စုရှိ တောင်သူ ၃၉၁၈ ဦး၏ စိုက်ဧက ၂၇၀၄၆ ဧကအတွက် ချေးငွေစုစုပေါင်း ကျပ် ၄၀၅၆၉၀၀၀၀၀ ကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ အုပ်စုမှ စိုက်ဧက ၃၄၄၄၂ ဧကအတွက် ချေးငွေကျပ်သိန်းပေါင်း ၅၁၆၆၃ သိန်းခန့်ကို ထုတ်ချေးရန် လျာထားလျက်ရှိကြောင်း၊ စိုက်ဧကတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ ဖြင့် တစ်ဦးလျှင် အများဆုံး ၁၀ ဧက အထိ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ အပြစ်မဲ့အရပ်သား ပြည်သူများအပေါ် MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့တွင် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဦးဆောင်၍ ပြုလုပ်သည်။**(ယာပုံ)**

ဦးစွာ ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲသို့ တက်ရောက်လာကြသူများက "အပြစ်မဲ့အရပ်သား ပြည်သူများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများအား ကန့်ကွက်ရှုတ်ချပါသည်"၊ "MNDAAနှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက် သတ်ဖြတ်ခံရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ အပြစ်မဲ့အရပ်သားပြည်သူများအတွက် ဝမ်းနည်းကြေကွဲရပါသည်"၊ "MNDAA အကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူ ရာနှင့်ချီ၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက်ရှုတ်ချသည်"၊ "တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေကြသော တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွတ်ဂုဏ်ပြုပါသည်" စသည့်ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

ဆက်လက်၍ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ လားရှိုးမြို့ တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သောယုတ်မာမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက်ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် " MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာသတ်ဖြတ်နေသည့်အကြမ်းဖက်များ အလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကိုသတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့ " စသည့် ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ လေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို ဩဂုတ် ၇ ရက်တွင် တပ်မတော်မှလက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူလေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုများကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏ လုပ်ဆောင်နေပြီး ၎င်းတို့ပစ်ခတ်သည့် အချို့လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်များကို တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင်သတင်းအမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို အတင်းအဓမ္မ စစ်သားစုဆောင်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေါ်ဆောင်သွားကြောင်း သတင်းအမှားများဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၉**




ထိုင်းနိုင်ငံ ရနောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အတင်းအဓမ္မ စစ်သားစုဆောင်းရန် ခေါ်ဆောင်သွားကြောင်း သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါ လွှဲပြောင်းပေးခဲ့သူများကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စနစ်တကျလက်ခံ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို အကြောင်းအရာမျိုးစုံဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားကာ လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း သတင်းတု၊ သတင်းမှားများ ဖော်ပြလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း DVB TV News အမည်ခံ Facebook Page တွင် ဇူလိုင် ၃၁ ရက်က သတင်းတု၊ သတင်းမှားစွပ်စွဲရေးသား ဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ရာ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ရာသီဥတုအရ ဖြစ်ပေါ်လာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်ရုံး၏ ညွှန်ကြားချက်များနှင့်အညီ အိပ်ဆောင်များအား သန့်ရှင်းရေးစနစ်တကျပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မိလ္လာနေရာများကို ထုံးဖြူးခြင်း၊ သောက်ရေသန့်ကိုသာ သောက်သုံးစေခြင်း၊ ပါဆယ်ပစ္စည်းများကို လက်ခံရာတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးပြီးမှ လက်ခံပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဒိုက်ဦး ဗဟိုအကျဉ်းထောင်နှင့် ကျိုက်စကောစခန်းများရှိ အကျဉ်းသားအကျဉ်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှု ရှိ/မရှိ အကျဉ်းထောင်ဆေးရုံအုပ်က ကျန်းမာရေးကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူမရှိဘဲ အကျဉ်းသားများ၏ ကျန်းမာရေးအတွက် အကျဉ်းထောင်ဆရာဝန်၏ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူစောင့်ရှောက်ကုသလျက်ရှိကာ လိုအပ်သောဆေးဝါးများကို ဌာနရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိ၍ ဆေးဝါးကုသပေးခြင်းအတွက် ငွေပေးရန်မလိုကြောင်း သိရသည်။

ထို့ကြောင့် DVB TV News အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင် ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

**ကိုဖြိုး**

## ပြင်ဦးလွင်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

ပြင်ဦးလွင်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဘိုးနေဒွန်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်ဒွေး၊ မင်းသီဟနှင့် မောင်လှိုင်တို့ သုံးဦးကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၉၇၅ ပြားကို လည်းကောင်း၊ အလားတူ ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၄၈)ရပ်ကွက် ဒေင်လမ်းမပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သီလကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကျိုးကြောင်းချိတ်ဆက် တွေးခေါ်ကြပါစို့ ...

*လုပ်သားမောင်*

**“NUG မှ ကိုယ်စားလှယ်တွေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ (ILC)ကို တက်ရောက်ခွင့် ရရှိကြောင်းနဲ့ ILO အုပ်ချုပ်မှုအဖွဲ့မှာ NUG ကိုယ်စားလှယ်အဖြစ် ဖြိုးစန္ဒာစိုး ရွေးကောက်ခံရကြောင်းစတဲ့ သတင်းတု သတင်းမှားတွေကို ပြည်ပအခြေစိုက်သတင်းဌာနတွေက ဝါဒဖြန့်ဖော်ပြနေတာကို အများပြည်သူတွေ လွယ်လင့်တကူ ယုံကြည်မှုရှိသွားမှာ စိုးရိမ်တာကြောင့် INGO က အဆိုပြုတဲ့ ကိုယ်စားလှယ်သာဖြစ်တယ်၊ ILO အနေနဲ့ NUG ကို မြန်မာနိုင်ငံနဲ့ယှဉ်တွဲပြီး အသိအမှတ်ပြုတာမဟုတ်ဘူးဆိုတာ သိရှိနိုင်ရေး”**

**အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ (ILC)**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)ကို ၁၉၁၉ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ကိုယ်စားလှယ်တွေကိုစုစည်းပြီး အလုပ်သမားစံနှုန်းများ သတ်မှတ်တာ၊ အလုပ်သမားရေးရာမူဝါဒများ ချမှတ်တာ၊ အမျိုးသမီးများနဲ့ အမျိုးသားများအားလုံးအတွက် သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်များ တိုးမြှင့်ရရှိစေဖို့အတွက် လိုအပ်တဲ့ Program တွေ ရေးဆွဲတာ၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ Capacity များ မြှင့်တင်နိုင်ဖို့အတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များ ပြုလုပ်ပေးတာ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ (ILC) ကို နှစ်စဉ် ဇွန်လမှာ ကျင်းပပြုလုပ်တာတွေ ဆောင်ရွက်နေတာကို တွေ့ရှိနေရပါတယ်။

ILO Constitution၊ Article (3) အရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ (ILC) ကို ILO အဖွဲ့ဝင်နိုင်ငံများမှ အစိုးရကိုယ်စားလှယ် နှစ်ဦး၊ အလုပ်ရှင်ကိုယ်စားလှယ် တစ်ဦး၊ အလုပ်သမားကိုယ်စားလှယ် တစ်ဦး စုစုပေါင်း လေးဦးစီဖြင့် ဖွဲ့စည်းထားတယ်ဆိုတာကို လေ့လာ သိရှိရပါတယ်။

၃-၆-၂၀၂၄ ရက်နေ့မှ ၁၄-၆-၂၀၂၄ ရက်နေ့အထိ ကျင်းပခဲ့တဲ့ (၁၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှာတော့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (International Trade Union Confederation–ITUC) ရဲ့ ကိုယ်စားလှယ်များအဖြစ် ခိုင်ဇာအောင်၊ ဖြိုးစန္ဒာစိုး၊ နိုင်ငံတကာစားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (International Union of Food, Agricultural, Hotel, Restaurant, Catering, Tobacco and Allied Workers’ Association – IUF) ကိုယ်စားလှယ်အဖြစ် အောင်မျိုးမင်းတို့ တက်ရောက်ခဲ့တာကို တွေ့ရှိရပါတယ်။

**မီဒီယာပါ သတင်းဖော်ပြချက်နဲ့ အမှန်တကယ်ပါဝင်ဆောင်ရွက်ခြင်း**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှာ ILO အုပ်ချုပ်မှုအဖွဲ့ရဲ့ အလုပ်သမားအုပ်စု ဒုတိယအဖွဲ့ဝင် (Deputy Member) အဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM) မှ ဖြိုးစန္ဒာစိုးကို ရွေးချယ်ခဲ့ကြောင်း၊ NUG ရဲ့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ(ILC)ကို တက်ရောက်ခွင့်ရရှိကြောင်း၊ ဖြိုးစန္ဒာစိုးဟာ ILO အုပ်ချုပ်မှုအဖွဲ့မှာ NUG ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရကြောင်းစတဲ့ သတင်းတု သတင်းမှားတွေကို ပြည်ပအခြေစိုက် သတင်းဌာနတွေက ဝါဒဖြန့်ဖော်ပြနေတာကိုလည်း တွေ့ရှိနေရပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ(ILC) ခန့်အပ်လွှာကော်မတီအနေနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်အဆို 396 (V) (၁၄-၁၂-၁၉၅၀) ကို ထည့်သွင်းစဉ်းစားပြီး မြန်မာနိုင်ငံရဲ့ ဘယ်ကိုယ်စားလှယ်ကိုမှ တက်ရောက်ခွင့်မပြုဖို့ ဆုံးဖြတ်ထားတဲ့အခြေအနေကို ခန့်အပ်လွှာကော်မတီရဲ့ အစီရင်ခံစာတွေမှာ ရှင်းလင်းစွာဖော်ပြထားတဲ့အတွက် ဖြိုးစန္ဒာစိုး၊ ခိုင်ဇာအောင်နဲ့ အောင်မျိုးမင်းတို့အနေနဲ့ (၁၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ တက်ရောက်တာက အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်း (INGO)ဖြစ်တဲ့ International Trade Union Confederation(ITUC) နဲ့ International Union of Food, Agricultural, Hotel, Restaurant, Catering, Tobacco and Allied Workers’ Association (IUF) ကိုယ်စားလှယ်များအဖြစ်သာ တက်ရောက်တာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံအနေနဲ့ NUG ရဲ့ ကိုယ်စားလှယ်အဖြစ် လက်ခံထားခြင်း မဟုတ်တာကို တွေ့ရှိရပါတယ်။

**ILO အုပ်ချုပ်မှုအဖွဲ့ဝင်များ ရွေးချယ်ခြင်း**

ILO အုပ်ချုပ်မှုအဖွဲ့မှာ ပုံမှန်အဖွဲ့ဝင်များ (Regular members/ Titular Members) နဲ့ ဒုတိယအုပ်ချုပ်မှုအဖွဲ့ဝင်များ (Deputy Members) ဆိုပြီး အဖွဲ့ဝင်အဆင့်သတ်မှတ်ချက် နှစ်မျိုးရှိပြီး Regular Members ၅၆ ဦးမှာ အစိုးရ ၂၈ ဦး၊ အလုပ်ရှင် ၁၄ ဦး၊ အလုပ်သမား ၁၄ ဦးနဲ့ ဖွဲ့စည်းပြီး Deputy Members ၆၆ ဦး မှာ အစိုးရ ၂၈ ဦး၊ အလုပ်ရှင် ၁၉ ဦး၊ အလုပ်သမား ၁၉ ဦးတို့နဲ့ ဖွဲ့စည်းရကြောင်း၊ Regular Members များအနက် Chief Industrial Importance နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ရုရှား၊ ဂျပန်၊ အိန္ဒိယ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ယူကေ၊ ဘရာဇီးလ်နဲ့ အမေရိကန်ပြည်ထောင်စု ၁၀ နိုင်ငံက ရွေးကောက်ခံဖို့မလိုအပ်ဘဲ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။

(၁၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကာလအတွင်း ၂၀၂၄-၂၀၂၇ ခုနှစ် သက်တမ်းအတွက် ILO အုပ်ချုပ်မှုအဖွဲ့ဝင်များရွေးချယ်ပွဲကို ပြုလုပ်ခဲ့ရာမှာ အစိုးရအုပ်စုအတွက် ၇-၆-၂၀၂၄ ရက်နေ့မှာ လည်းကောင်း၊ အလုပ်ရှင်အုပ်စုနဲ့ အလုပ်သမားအုပ်စုအတွက် ၁၀-၆-၂၀၂၄ ရက်နေ့မှာ လည်းကောင်း မဲပေးရွေးချယ်ခဲ့ကြတာကို တွေ့ရှိရပါတယ်။

ILO အုပ်ချုပ်မှုအဖွဲ့၊ အစိုးရကိုယ်စားလှယ်များအဖြစ် အာဖရိက၊ အမေရိက၊ အာရှ-ပစိဖိတ်နဲ့ ဥရောပဆိုပြီး ဒေသကြီးလေးခုမှ အမည်စာရင်းများတင်သွင်းရွေးချယ်ခံကြရာမှာ အစိုးရအုပ်စု Regular Member အဖြစ် အာဆီယံနိုင်ငံများမှ ဘရူနိုင်းနဲ့ ဒုတိယအုပ်ချုပ်မှုအဖွဲ့ဝင် Deputy Member များအဖြစ် မလေးရှား၊ လာအိုနဲ့ ဖိလစ်ပိုင်နိုင်ငံတို့က ကိုယ်စားလှယ်အမည်စာရင်းများ တင်သွင်းပြီး ရွေးချယ်ခံခဲ့ကြောင်း သိရှိရပါတယ်။

Deputy Member တွေအနေနဲ့ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံမှာ ဆွေးနွေးခွင့်ရှိပေမယ့် ပြင်ဆင်ချက်အဆိုပြုခွင့်နဲ့ မဲပေးပိုင်ခွင့် မရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ILO အုပ်ချုပ်မှုအဖွဲ့ရဲ့ အလုပ်သမားအုပ်စု ဒုတိယအုပ်ချုပ်မှုအဖွဲ့ဝင် (Deputy Member) ၁၉ ဦးမှာ ဖြိုးစန္ဒာစိုးကို မြန်မာနိုင်ငံမှဆိုပြီး ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ၎င်းဟာ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်း (INGO) တစ်ခုဖြစ်တဲ့ International Trade Union Confederation(ITUC) ရဲ့ကိုယ်စားလှယ်အဖြစ် ILO ဒုတိယအုပ်ချုပ်မှုအဖွဲ့ဝင် (Deputy Member) နေရာမှာ ရွေးကောက်ခံရပြီး ILO မှပြုလုပ်တဲ့ အစည်းအဝေးများကို သုံးနှစ်တာ တက်ရောက်ခွင့်ရရှိခြင်းသာဖြစ်တာကို တွေ့ရှိရပါတယ်။ ယခုလို Deputy Member အဖြစ် ရွေးကောက်ခံရခြင်းဟာ NUG ကို ကိုယ်စားပြု ရွေးချယ်ခံခြင်းမဟုတ်ဘဲ ILO ရဲ့ အလုပ်သမားအုပ်စုက ITUC ရဲ့ ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းပေးခဲ့တာကြောင့် ITUC ကိုယ်စားပြု အလုပ်သမားကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရခြင်းသာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

- **Deputy Member တွေအနေနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှာ ဆွေးနွေးခွင့်ရှိပေမယ့် ပြင်ဆင်ချက် အဆိုပြုခွင့်နဲ့မဲပေးပိုင်ခွင့် မရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်**
- **Deputy Member အဖြစ် ရွေးကောက်ခံရခြင်းဟာ NUG ကို ကိုယ်စားပြု ရွေးချယ်ခံခြင်းမဟုတ်ဘဲ ILO ရဲ့ အလုပ်သမားအုပ်စုက ITUC ရဲ့ ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းပေးခဲ့တာကြောင့် ITUC ကိုယ်စားပြု အလုပ်သမားကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရခြင်းသာ**

(၁၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို ဖြိုးစန္ဒာစိုးအပြင် ITUC ရဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် ခိုင်ဇာအောင်နဲ့ အခြား INGO အဖွဲ့တစ်ခုဖြစ်တဲ့ International Union of Food, Agricultural, Hotel, Restaurant, Catering, Tobacco and Allied Workers’ Asso–ciation (IUF) ရဲ့ ကိုယ်စားလှယ် အောင်မျိုးမင်းတို့ ပါဝင်တက်ရောက်ခြင်းဟာ INGO တွေရဲ့ ကိုယ်စားလှယ်များအဖြစ်သာ တက်ရောက်ကြခြင်းဖြစ်ပြီး ILO အနေနဲ့ NUG ကို မြန်မာနိုင်ငံနဲ့ယှဉ်တွဲပြီး အသိအမှတ်ပြုခြင်း မဟုတ်တာကို တွေ့ရှိရပါတယ်။

**ကျိုးကြောင်းဆီလျော်စွာစဉ်းစားစေလိုခြင်း**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ဟာ လုပ်ငန်းခွင်ဆိုင်ရာ အလုပ်သမားအခွင့်အရေးများအား တိုးမြှင့်ပေးရေး၊ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ လူမှုကာကွယ်ရေး၊ လုပ်ငန်းခွင်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ပိုမိုအားကောင်းစေရေး ဦးတည်ဆောင်ရွက်ပေးရမယ့် အဖွဲ့အစည်းဖြစ်ပေမယ့် မြန်မာနိုင်ငံရှိ အလုပ်သမားများက ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်မဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်း (INGO) က ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်ကို ILO အုပ်ချုပ်မှုအဖွဲ့ရဲ့ အလုပ်သမားအုပ်စု ဒုတိယအုပ်ချုပ်မှုအဖွဲ့ဝင် (Deputy Member) အဖြစ် ရွေးချယ်ခဲ့ခြင်းဟာ မြန်မာနိုင်ငံရှိ အလုပ်သမားများအပါအဝင် ၎င်းတို့နဲ့ ဆက်စပ်နေတဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကို လျစ်လျူရှု ဆောင်ရွက်ခဲ့ခြင်း ဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့် NUG မှ ကိုယ်စားလှယ်တွေ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ (ILC)ကို တက်ရောက်ခွင့်ရရှိကြောင်းနဲ့ ILO အုပ်ချုပ်မှုအဖွဲ့မှာ NUG ကိုယ်စားလှယ်အဖြစ် ဖြိုးစန္ဒာစိုး ရွေးကောက်ခံရကြောင်းစတဲ့ သတင်းတုသတင်းမှားတွေကို ပြည်ပအခြေစိုက် သတင်းဌာနတွေက ဝါဒဖြန့်ဖော်ပြနေတာကို အများပြည်သူတွေ လွယ်လင့်တကူယုံကြည်မှုရှိသွားမှာ စိုးရိမ်တာကြောင့် INGO က အဆိုပြုတဲ့ ကိုယ်စားလှယ်သာဖြစ်တယ်၊ ILO အနေနဲ့ NUG ကို မြန်မာနိုင်ငံနဲ့ယှဉ်တွဲပြီး အသိအမှတ်ပြုတာမဟုတ်ဘူးဆိုတာ သိရှိနိုင်ရေး ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်စဉ်းစားဆင်ခြင်ကြစေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

# ကွန်မြူနတီဒိုင်းလုပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် မန်စီးတီးနဲ့ မန်ယူ



## ကွန်မြူနတီဒိုင်းလုပွဲ

**မန်စီးတီး VS မန်ယူ**

| | | |
|---|---|---|
| နေ့ | - | ၁၀-၈-၂၀၂၄ |
| ကွင်း | - | ဝင်ဘလေ |
| အချိန် | - | ၈ နာရီ ခွဲ |

**နောက်ဆုံးငါးကြိမ်ထိပ်တိုက်တွေ့ဆုံမှု**

| | | |
|---|---|---|
| မန်စီးတီး | ၁-၂ | မန်ယူ |
| မန်စီးတီး | ၃-၁ | မန်ယူ |
| မန်ယူ | ၀-၃ | မန်စီးတီး |
| မန်စီးတီး | ၂-၁ | မန်ယူ |
| မန်ယူ | ၂-၁ | မန်စီးတီး |

**ရာသီသစ်ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲကို ဩဂုတ် ၁၀ ရက်မှာ နာမည်ကြီး ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒီကွန်မြူနတီဒိုင်းလုပွဲကို ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့ မန်စီးတီးနဲ့ အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့တဲ့ မြို့ခံပြိုင်ဘက် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားသွားရမှာပါ။**

ဒီနှစ်မှာ (၁၀၂) ကြိမ်မြောက်အဖြစ် ကွန်မြူနတီဒိုင်းလုပွဲကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းလက်ရှိချန်ပီယံမှာ အာဆင်နယ်အသင်း ဖြစ်ပြီး ယမန်နှစ်ပြိုင်ပွဲ ပယ်နယ်တီအဆုံးအဖြတ်မှာ မန်စီးတီးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူပြီး (၁၇) ကြိမ်မြောက် ဆွတ်ခူးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းကို မန်ယူအသင်းက (၂၁) ကြိမ်နဲ့ အများဆုံး ဆွတ်ခူးထားပါတယ်။



မန်ယူအသင်းက ပြီးခဲ့တဲ့ လိဂ်ရာသီပိတ်သိမ်းချိန်မှာ အဆင့် (၈) နဲ့ ပိတ်သိမ်းနိုင်ခဲ့ပေမယ့် အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲမှာ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို အနိုင်ယူနိုင်ခဲ့တဲ့အတွက် ကွန်မြူနတီဒိုင်းလုပွဲကို ယှဉ်ပြိုင်ခွင့် ရရှိခဲ့တဲ့အပြင် ဥရောပပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူက ယခုပွဲစဉ်မတိုင်မီ ကစားခဲ့တဲ့ ရာသီအကြိုခြေစမ်းပွဲ ငါးပွဲမှာ နှစ်ပွဲသာ နိုင်ပွဲရရှိပြီး သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ကစားသမားဝယ်ယူမှုမှာဆိုရင်လည်း လိုင်လီဗဟိုခံစစ်ကစားသမား ယိုယိုနဲ့ ဘိုလော့ဂ်နာတိုက်စစ်ကစားသမား ဇီဇီတို့ကိုသာ ခေါ်ယူအားဖြည့်ထားတယ်။ သို့သော်ငြား ရာသီအကြိုခြေစမ်းပွဲတွေမှာ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်ကစားသမား ဇီဇီ၊ ဟွိုက်လန်း၊ မက်ဂွိုင်းယားစတဲ့ အဓိက ကစားသမားတွေ ဒဏ်ရာအသီးသီးရရှိခဲ့လို့ ဒီပွဲစဉ်မှာ ပါဝင်ကစားဖို့ မသေချာဘူး။

ပြိုင်ဘက်မန်စီးတီးအသင်းက ယခုပွဲစဉ်မတိုင်မီကစားခဲ့တဲ့ ရာသီအကြိုခြေစမ်းပွဲ လေးပွဲမှာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ ကစားသမားခေါ်ယူမှုမှာဆိုရင်လည်း အာဂျင်တီးနားကလပ် ရေးဗားပလိတ်အသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ကလောက်ဒီယို ဂျရီမီးစ်သာ ခေါ်ယူအားဖြည့်ထားသေးတယ်။ မန်စီးတီးအသင်းက ပြီးခဲ့တဲ့ ကွန်မြူနတီဒိုင်းလုပွဲမှာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်မှာ မန်ယူအသင်းကို နိုင်ပွဲရဖို့ အကောင်းဆုံး ပြင်ဆင်လာမှာပါ။ ဒါ့အပြင် မန်ယူကို နိုင်ပွဲရယူပြီး အက်ဖ်အေဖလား ဗိုလ်လုပွဲ ရှုံးကြွေးကိုလည်း ပြန်ဆပ်ဖို့ ကြိုးစားလာမှာပါ။

မည်သို့ပင်ဆိုစေ ကွန်မြူနတီဒိုင်းလုပွဲက ချန်ပီယံပြေးလမ်းမှာ အဓိကကျတဲ့ ခြေလှမ်းတစ်ခုအဖြစ်ရှိနေပြီး အားထားရတဲ့ကစားသမား အစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်တာကြောင့် ယခင်ပြိုင်ပွဲတွေကထက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ဒါကြောင့် ဘယ်အသင်းက ကွန်မြူနတီဒိုင်းဆွတ်ခူးပြီး အဖွင့်မျက်နှာပန်းလှသွားမလဲဆိုတာ လက်မလွှတ်တမ်းစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



## ဘိုကာဂျူနီယာခံစစ်ကစားသမား အန်ဆဲလ်မီနိုကို ချယ်ဆီးခေါ်ယူ

ချယ်ဆီးအသင်းသည် ဘိုကာ ဂျူနီယာခံစစ်ကစားသမား အာရွန်အန်ဆဲလ်မီနိုကို ပေါင် ၁၆ ဒသမ ၆ သန်းဖြင့် အပြီးသတ် ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

အသက် ၁၉ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမားသည် စတန်းဖို့ဒ်ဘရစ်၌ ခုနစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သဘောတူညီမှုတစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၄-၂၀၂၅ ရာသီတွင် အာဂျင်တီးနားကလပ်အသင်းတွင် အငှားဖြင့် ဆက်လက်ရှိနေမည်ဖြစ်သည်။ ဘိုကာဂျူနီယာ အသင်းအတွက် ၎င်း၏ ပွဲဦးထွက်ပွဲစဉ်ကို ၂၀၂၃ ခုနှစ် ဇွန်လတွင် စတင်ကစားခဲ့ပြီး စုစုပေါင်း ၁၀ ပွဲ ကစားထားပြီး ဖြစ်သည်။ ချယ်ဆီးအသင်းသည် ယခုနှစ်ရာသီ ကစားသမားဝယ်ယူမှုအတွက် ပေါင် ၁၁၅ သန်းခန့် သုံးစွဲပြီး ဖြစ်သည်။

## မန်ယူဂိုးသမားဟောင်း ဒေးဗစ်ဒီဂီယာ ဖီအိုရင်တီးနားသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများပြုလုပ်နေ

မန်ယူအသင်းဂိုးသမားဟောင်း ဒေးဗစ်ဒီဂီယာသည် အီတလီကလပ် ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက် ၃၃ အရွယ်ရှိပြီဖြစ်သည့် ဒီဂီယာသည် အိုးထရက်ဖို့ဒ်တွင် ၁၃ နှစ်ကြာ ဖြတ်သန်းခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ဖလား၊ လိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။ ယင်းကာလအတွင်း ၎င်းသည် မန်ယူအသင်းအတွက် ပွဲပေါင်း ၅၄၅ ပွဲ ပါဝင်ကစားထားသည်။



## တိုက်စစ်ကစားသမားအိုဆူလာကို နယူးကာဆယ် ခေါ်ယူ



နယူးကာဆယ်အသင်းသည် ဒိန်းမတ် ယူ-၂၁ တိုက်စစ်ကစားသမား ဝီလီယံအိုဆူလာကို ရှက်ဖီးအသင်းမှ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ ဒိန်းမတ်ကလပ် ဘလိတ်စ်အသင်းအတွက် ၃၁ ပွဲပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူထားသည်။ ၎င်း၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၅ သန်းဖြစ်ကြောင်း သိရသည်။ အိုဆူလာသည် နွေရာသီကာလ နယူးကာဆယ်၏ ခြောက်ဦးမြောက်ခေါ်ယူသည့် ကစားသမား ဖြစ်လာခဲ့သည်။



## ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ဘော်လ်တာ ကနေဒါအိုးပင်း ၁၆ ဦးအဆင့်သို့ တက်လှမ်း

ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ကေတီဘော်လ် တာသည် ကနေဒါအိုးပင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် ကနေဒါအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဘရာဇီးတင်းနစ်မယ် ဟာဒက်မာရီယာနှင့် တွေ့ဆုံခဲ့ရာ ပြိုင်ဘက်မှာ ဒဏ်ရာရရှိပြီး ဆက်လက် ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့သည့်အတွက် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘော်လ်တာသည် အဆိုပါ ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် ပီရာနှင့် တွေ့ဆုံခဲ့ပြီး ၆-၄၊ ၃-၆၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ ၎င်းသည် ကနေဒါအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် နာမည်ကြီး ဘယ်လာရုစ်တင်းနစ်မယ် ရှိုင်နာ ဆဘာယ်လင်ကာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ဘော်လ်တာနှင့်အတူ ကနေဒါအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ နာမည်ကြီး ပဲဂူလာ၊ မာတင်စ်၊ ကိုကိုဂေါ့ဖ်၊ ဗစ်တိုးရီးယား အဇာရင်ကာတို့ တက်လှမ်းနိုင်ခဲ့သည်။

